## လက်နက်ကိုင်ပဋိပက္ခနှင့် ကလေးသူငယ်များနှင့်စပ်လျဉ်းသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် ( ၆ / ၂၀၂၀)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၄၂၇ (၂၀၁၈) နှင့်အညီ ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းသည့် ၂၀၁၉ ခုနှစ် အစီရင်ခံစာအရ မြန်မာ့တပ်မတော်၏ အရွယ်မရောက်သေးသည့် ကလေးစစ်သားစုဆောင်းမှုကို သိသိသာသာလျှော့ချရန် ဆက်လက် အားထုတ်ဆောင်ရွက်နေမှုများ ၊ အရေးယူဆောင်ရွက်မှုများနှင့် ယခင်နှစ်များက ဖော်ထုတ်တွေ့ရှိခဲ့သည့် ကလေးစစ်သား စုဆောင်းမှုများကို စိစစ်၍ ပြန်လည်လွှတ်ပေးရန် သဘောတူညီမှုများကြောင့် မြန်မာ့တပ်မတော်ကို အရွယ်မရောက်သေးသည့် ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခဲ့ပါကြောင်းနှင့် ကလေးသူငယ်များအပေါ် ပြင်းထန်သော ချိုးဖောက်မှု ၆ ခုကို ရာဇဝတ်မှုအဖြစ် ဖော်ပြထားသည့် ကလေးသူငယ်အခွင့်အရေးဥပဒေကို မြန်မာနိုင်ငံအစိုးရက အတည်ပြုပြဋ္ဌာန်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်းကလေးသူငယ်များပါဝင်မှုနှင့်စပ်လျဉ်းသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုပါဝင် ချုပ်ဆိုခဲ့ခြင်းတို့ကို အထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုပါကြောင်းဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ပြစ်မှုကျူးလွန်သည့် တပ်မတော်သားများအား စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူဆောင်ရွက်ခဲ့မှုများကိုလည်း အထွေထွေအတွင်းရေးမှူးချုပ်က ကြိုဆိုခဲ့ပါသည်။ မြန်မာ့တပ်မတော်ကို ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခဲ့ခြင်းသည် ကလေးစစ်သားစုဆောင်းမှု ဖြေရှင်းရေးကိစ္စရပ်အပေါ် တပ်မတော်၏ ကတိကဝတ်ပြုလုပ်ဆောင်မှုများနှင့် မဆုတ်မနစ် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများကို ကုလသမဂ္ဂက ထိုက်သင့်သော အသိအမှတ်ပြုမှုရှိ ကြောင်း ထင်ရှားစေသည်ကို တွေ့ရှိသကဲ့သို့ အစီရင်ခံစာ၌ ကလေးသူငယ်များကို ပိုမိုအကာအကွယ်ပေးမှုများ ဆောင်ရွက်ပေးရန်အတွက် လုပ်ဆောင်ရန်များ လိုအပ်လျက်ရှိနေသေးကြောင်း ဖော်ပြထားသည်ကိုလည်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေဖြင့် သတိပြုမိပါသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏တိုးတက်လုပ်ဆောင်မှုများကို ကုလသမဂ္ဂက ဆက်လက်စောင့်ကြည့်လေ့လာသွားမည် ဖြစ်ပါသည်။ ကလေးစစ်သားစုဆောင်းမှုစာရင်းမှ ပယ်ဖျက်ပေးခံရခြင်းသည်လည်း တပ်မတော်၏ ခိုင်မာသည့်ကတိကဝတ်ကို သက်သေပြရာရောက်ပါသည်။ ဤစာရင်းမှ ပယ်ဖျက်မှုတည်မြဲရေးနှင့် အစီရင်ခံစာ၏ နောက်ဆက်တွဲ (၁)၊ အပိုဒ် (က) တွင် ပါရှိသော စာရင်းမှပါ ပယ်ဖျက်ခံရရေးအတွက် တပ်မတော်၏ ခိုင်မာသော ကတိကဝတ်က လက်ရှိ ဆောင်ရွက်

နေမှုများကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်စေမည့်အပြင် အခြားလိုအပ်သည့် ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်နိုင်စေမည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်